SECM

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်**

**ညွှန်ကြားချက်အမှတ်၊ ၃ /၂၀၂၃**

**၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်**

**(၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)**

**အများပြည်သူသို့ ဖွင့်ဟအသိပေးခြင်းမပြုရသေးသည့် အတွင်းသတင်းအချက်အလက်များကို အခြေခံ၍ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကာကွယ်တားဆီးခြင်းဆိုင်ရာညွှန်ကြားချက်အား ပြင်ဆင်အစားထိုးခြင်း**

၁။ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၇၁၊ ပုဒ်မခွဲ(ခ)အရ ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးရန်နှင့် ငွေချေးသက်သေခံလက်မှတ်ဈေးကွက်အပေါ် ရင်းနှီးမြှုပ်နှံသူများ ယုံကြည်မှုရှိစေရန် အများပြည်သူသို့ ဖွင့်ဟအသိပေးခြင်း မပြုရသေးသည့် အတွင်းသတင်း အချက်အလက်များကိုအခြေခံ၍ အရောင်းအဝယ်ပြုလုပ်ခြင်းအား ကာကွယ်တားဆီးခြင်းဆိုင်ရာ ညွှန်ကြားချက်အမှတ်၊ ၄/၂၀၁၆ အား ၂၅-၃-၂၀၁၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

၂။ ၁၀-၁၁-၂၀၂၃ ရက်နေ့တွင် ကျင်းပခဲ့သည့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်အစည်းအဝေးအမှတ်စဉ်၊ ၉/၂၀၂၃ ၏ သဘောတူဆုံးဖြတ်ချက်အရ ယခင်ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်အမှတ်၊ ၄/၂၀၁၆ ၏ အပိုဒ် ၄ ကို အောက်ပါအတိုင်း ပြင်ဆင်အစားထိုးလိုက်သည်-

**စစ်ဆေးခြင်း**

၄။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသည် လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါပုဂ္ဂိုလ်များ၏ ငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်ခြင်းကိစ္စရပ်များအား သေချာစွာဂရုပြုစစ်ဆေးရမည် -

(က) စာရင်းဝင်ကုမ္ပဏီများ၏ဒါရိုက်တာများ၊

(ခ) စာရင်းဝင်ကုမ္ပဏီများ၏ လက်အောက်ခံကုမ္ပဏီ သို့မဟုတ် မိခင်ကုမ္ပဏီ၏ ဒါရိုက်တာများ၊

(ဂ) အကြိုစာရင်းဝင်မှတ်ပုံတင်ကုမ္ပဏီများ၏ဒါရိုက်တာများ၊

(ဃ) အကြိုစာရင်းဝင်မှတ်ပုံတင်ကုမ္ပဏီများ၏ လက်အောက်ခံကုမ္ပဏီ သို့မဟုတ် မိခင်ကုမ္ပဏီ၏ ဒါရိုက်တာများ၊

(င) စာရင်းဝင်ကုမ္ပဏီများ နှင့် အကြိုစာရင်းဝင်မှတ်ပုံတင်ကုမ္ပဏီများ၏ အတွင်းသတင်းရရှိနိုင်သော နိုင်ငံ့ဝန်ထမ်းများ၊

(စ) စာရင်းဝင်ကုမ္ပဏီများ နှင့် အကြိုစာရင်းဝင်မှတ်ပုံတင်ကုမ္ပဏီများ၏ အတွင်းသတင်းရရှိနိုင်သောရန်ကုန်စတော့အိပ်ချိန်း၏ဒါရိုက်တာများနှင့်ဝန်ထမ်းများ

(ဆ) စာရင်းဝင်ကုမ္ပဏီနှင့် အကြိုစာရင်းဝင်မှတ်ပုံတင်ကုမ္ပဏီများ၏ ရှယ်ယာ ၂၀ ရာခိုင်နှုန်းထက် ပို၍ ပိုင်ဆိုင်သော အဓိကရှယ်ယာရှင်များ၊

(ဇ) ကောင်တာဈေးကွက်၏ဒါရိုက်တာများနှင့်ဝန်ထမ်းများ၊

(ဈ) အထက်အပိုဒ်ခွဲများပါပုဂ္ဂိုလ်များ၏ မိသားစုဝင်များ၊
(ဥပမာ၊ မိဘ၊ ဇနီး/ခင်ပွန်းနှင့်၎င်းတို့၏သားသမီးများ)

မောင်မောင်ဝင်း

ဥက္ကဋ္ဌ

စာအမှတ်၊ ကော်မရှင်-၃/ ၁ / ၁ (၄၅၃ /၂၀၂၃)

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်

**ဖြန့်ဝေခြင်း**

ကော်မရှင်အဖွဲ့ဝင်များအားလုံး

ကော်မရှင်ရုံးဌာနခွဲများအားလုံး

ရန်ကုန်စတော့အိပ်ချိန်းဖက်စပ်ကုမ္ပဏီလီမိတက်

ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအားလုံး

ရင်းနှီးမြှုပ်နှံမှုအကြံပေးကုမ္ပဏီများ

အကြိုစာရင်းဝင်မှတ်ပုံတင်အကြံပေးကုမ္ပဏီများ

ရန်ကုန်စတော့အိပ်ချိန်းစာရင်းဝင်ကုမ္ပဏီများအားလုံး

ရန်ကုန်စတော့အိပ်ချိန်းအကြိုစာရင်းဝင်မှတ်ပုံတင်ကုမ္ပဏီများအားလုံး

ကောင်တာဈေးကွက်

ရုံးလက်ခံ/မျှောစာတွဲ

အမိန့်အရ၊

၄၊၁၂၊၂၀၂၃

( ကြည်ဇင်ထွန်း )

အတွင်းရေးမှူး